# ရွှေ့ပြောင်းအလုပ်သမားများအတွက် အသိပေးကြေငြာချက်

ထုတ်ဝေချက် ၂၂– ဇန်နဝါရီလ ၂၀၁၄

*ဤရွှေ့ပြောင်းအလုပ်သမားများအတွက် အသိပေးကြေငြာချက်တွင် ရွှေ့ပြောင်းလုပ်သားများအတွက် တစ်နေရာတည်းတွင် လုပ်ငန်းအစမှအဆုံးထိ ဆောင်ရွက်နိုင်သောဌာနများ(OSCCs)ဆိုင်ရာ နောက်ဆုံးအခြေအနေများ၊ ထိုင်းနိုင်ငံအတွင်းရှိ လာအိုရွှေ့ပြောင်းလုပ်သားများဆိုင်ရာ ထိုင်း–လာအို လုပ်ငန်းညှိနှိုင်းအစည်းအဝေး၊ ရွှေ့ပြောင်းလုပ်သားများ နေရပ်ပြန်ပို့ခြင်းရုံပုံငွေနှင့် လူကုန်ကူးခြင်းခံခဲ့ရသူများအတွက် အလုပ်လုပ်ကိုင်ခွင့်လက်မှတ်ခကင်းလွတ်ခွင့်ပြုခြင်း ကိစ္စရပ်များအပါအဝင် ထိုင်းနိုင်ငံအတွင်းရှိ ရွှေ့ပြောင်းလုပ်သားများဆိုင်ရာ မူဝါဒများနှင့် ပတ်သက်၍ နောက်ဆုံးသတင်းရရှိချက်များကို အလေးထားဖော်ပြထားပါသည်။*

## <u>တစ်နေရာတည်းတွင်လုပ်ငန်းအစမှအဆုံးထိဆောင်ရွက်နိုင်သောဌာနများ (OSSC)</u>

ထိုင်းနိုင်ငံအတွင်း လုပ်သက် (၄) နှစ်ပြည့်ပြီးသော ရွှေ့ပြောင်းအလုပ်သမားများအတွက် ဗီဇာသက်တမ်းတိုးရန် တစ်နေရာတည်းတွင် လုပ်ငန်းအစမှအဆုံးထိဆောင်ရွက်နိုင်သောဌာန(OSSC)များအား ဖွင့်လှစ်နိုင်ခြင်း မရှိသေးပါ။ ထိုအချက်သည် မိမိတို့၏တရားဝင်အနေအထားကို ထိန်းသိမ်းထားလိုသော ရွှေ့ပြောင်းလုပ်သားများအတွက် စိန်ခေါ်မှုများကို ဖြစ်ပေါ်လာစေလျက်ရှိပေသည်။

## ထိုင်းနိုင်ငံအတွင်းရှိ ရွှေ့ပြောင်းလုပ်သားများဆိုင်ရာ ထိုင်း–မြန်မာစေ့စပ်ဆွေးနွေးခြင်းများ

- ထိုင်းနိုင်ငံအတွင်း လုပ်သက်၄နှစ်ပြည့်ပြီးသော ရွှေ့ပြောင်းလုပ်သားများအတွက် အလုပ်အကိုင်ရရှိရေး ပြန်လည်ကြိုးပမ်းနိုင်စေရန် မြန်မာနိုင်ငံသို့ပြန်လာရမည့် အချိန်အပိုင်းအခြားကို ၃နှစ်အစား တစ်ရက်တည်းသာ သတ်မှတ်နိုင်ရန် ထိုင်းနှင့်မြန်မာအရာရှိများ ဆွေးနွေးလျက်ရှိပါသည်။
- ၂၀၁၄ ခုနှစ် မတ်လ မှစ၍ အမ်အိုယူ(MOU)လုပ်ငန်းစဉ်များပြုလုပ်ပြီး၍ ထိုင်းနိုင်ငံအတွင်းသို့ ဝင်ရောက်လာသော မြန်မာအလုပ်သမား များအား သာမန်နိုင်ငံကူးလက်မှတ်များထုတ်ပေးမည်။ ထိုအချက်ကို ၂၀၁၃ ခုနှစ် အောက်တိုဘာလတွင် ပြုလုပ်ခဲ့သော ထိုင်းနှင့်မြန်မာအရာရှိများ၏ နှစ်ဖက်ညှိနှိုင်းဆွေးနွေးပွဲတွင် သဘောတူညီမှု ရရှိခဲ့ပြီး ဖြစ်ပါသည်။

## <u>ထိုင်းနိုင်ငံအတွင်းရှိ လာအိုရွှေ့ပြောင်းလုပ်သားများဆိုင်ရာ ထိုင်း–လာအို လုပ်ငန်းညှိနှိုင်းအစည်းအဝေး</u>

ထိုင်း–လာအို လုပ်ငန်းညှိနှိုင်းအစည်းအဝေးပွဲတစ်ခုကို လာအိုနိုင်ငံတွင် ၂၀၁၃ ခုနှစ် ဒီဇင်ဘာလ ၁၈ ရက်နေ့၌ ပြုလုပ်ခဲ့သည်။ ကိုယ်စားလှယ်အဖွဲ့များကို ထိုင်းနိုင်ငံအလုပ်သမားဝန်ကြီးဌာန အလုပ်အကိုင်ခန့်ထားရေးဌာန ညွှန်ကြားရေးမှူး၊ လာအိုပီဒီအာရ်နိုင်ငံ အလုပ်သမားဝန်ကြီးဌာန အလုပ်အကိုင်နှင့်ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးဌာနနှင့် လုပ်သားနှင့်လူမှုဖူလုံရေးဝန်ကြီးဌာနတို့မှ ညွှန်ကြားရေးမှူးက ဦးဆောင်ခဲ့သည်။ ကိုယ်စားလှယ်အဖွဲ့များသည် အောက်ပါအချက်များအား သဘောတူညီမှုရရှိခဲ့သည် –

- ရွှေ့ပြောင်းလုပ်သား တရားဝင်ပြုလုပ်ရေးလုပ်ငန်းစဉ်များ မဆောင်ရွက်ရသေးသည့် လာအိုရွှေ့ပြောင်းလုပ်သားများအား တရားဝင်ဖြစ်အောင် ပြုလုပ်စေရမည်။
- ဘန်ကောက်မြို့ရှိ တရားမဝင်လုပ်ကိုင်နေသော လာအိုအလုပ်သမားများအား တရားဝင်အဖြစ် အလုပ်လုပ်ကိုင်ခွင့်ရရှိရေး ဆောင်ရွက်ပေးနိုင်ရန် လာအိုအရာရှိများပါဝင်သော အဖွဲ့နှစ်ဖွဲ့ဖြင့် တစ်နေရာတည်းတွင် လုပ်ငန်းအစမှအဆုံးထိ ဆောင်ရွက်နိုင်သောဌာနများကို (ထိုင်းနိုင်ငံအာဏာပိုင်များ၏အစီအစဉ်ဖြင့်) ဖွင့်လှစ်သွားမည်ဖြစ်ပြီး အခြားသောခရိုင်များတွင် ရွှေ့လျားဝန်ဆောင်မှုများကို ဆောင်ရွက် ပေးသွားမည်။
- ၂၀၀၂ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့သော လုပ်သားပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချုပ်(MOU)ကို စိစစ်ပြင်ဆင်သွားမည်။

ထို့အပြင် ထိုင်းနိုင်ငံသို့လာရောက်လုပ်ကိုင်မည့် လာအိုအလုပ်သမားများအတွက် မထွက်ခွာမီတွင်*ရွှေ့ပြောင်းရေးရာ ကြိုတင်အသိပေးလမ်းညွှန်သင်တန်း*များစီစဉ်ဆောင်ရွက်ပေးနိုင်ရန်လာအိုနိုင်ငံဘက်သို့ ထိုင်းနိုင်ငံကိုယ်စားလှယ် အဖွဲ့မှ တောင်းဆိုခဲ့သည်။

## ရွှေ့ပြောင်းလုပ်သား နေရပ်ပြန်ပို့ခြင်းရံပုံငွေ

- ၂၀၁၃ ခုနှစ် နိုဝင်ဘာလ ၂၉ ရက်နေ့၌ အလုပ်သမားဝန်ကြီးဌာနမှ ဝန်ကြီးဌာနဆိုင်ရာ ထုတ်ပြန်ချက်တွင် ရွှေ့ပြောင်းလုပ်သား နေရပ်ပြန်ပို့ခြင်းရံပုံငွေအစီအစဉ်သည် ၂၀၁၄ ခုနှစ် မတ်လ ၁ ရက်နေ့မှ စ၍ အကျုံးဝင်လာမည်ဖြစ်ကြောင်း ကြေငြာခဲ့သည်။ အလုပ်ရှင်များအနေဖြင့် အလုပ်သမားများ၏ လုပ်ခလစာမှ ထိုင်းဘတ်ငွေ ၁၀၀၀ ကို ဖြတ်တောက်ထားပြီး နေရပ်ပြန်ပို့ခြင်းရံပုံငွေသို့ ပေးသွင်းနိုင်ရမည်။ ရွှေ့ပြောင်းလုပ်သားများသည် ၄င်းတို့၏မူလနိုင်ငံများသို့မပြန်မီ ထိုင်းဘတ်ငွေ ၁၀၀၀ ကို ထုတ်ယူနိုင်ရန် တောင်းခံချက်လျှောက်လွှာပုံစံကို အလုပ်အကိုင်ခန့်ထားရေးရုံးများ၌ ဖြည့်သွင်းထားရန် လိုအပ်မည် ဖြစ်သည်။ သို့မှသာ ရွှေ့ပြောင်းလုပ်သားများသည် ထိုင်းနိုင်ငံမှ ထွက်ခွာသောအခါတွင် ထိုငွေကြေးကို လူဝင်မှုကြီးကြပ်ရေးရုံးများတွင် ထုတ်ယူနိုင်မည် ဖြစ်သည်။ အကယ်၍ ငွေကြေးတောင်းခံခြင်း မပြုလိုက်ရဘဲ မူလနိုင်ငံများသို့ ပြန်သွားပြီးသော ရွှေ့ပြောင်းလုပ်သားများအနေဖြင့် အလုပ်သမားဝန်ကြီးဌာန နေရပ်ပြန်ပို့ခြင်းရံပုံငွေရုံးသို့ ပြည့်စုံသောတောင်းခံချက်လျှောက်လွှာကို ၂နှစ်အတွင်း ဖြည့်သွင်းပေးပို့ပြီး ထိုငွေကြေးကို ထိုင်းနိုင်ငံမှ ထွက်ခွာလာသောရက်မှ ၂နှစ်အတွင်း တောင်းခံရယူနိုင်သည်။ အကယ်၍ ထွက်ခွာလာပြီး ၂နှစ်အတွင်း ၄င်းငွေကြေးကို ရယူနိုင်ခြင်းမရှိပါက အစိုးရအဖွဲ့သည် ထိုရံပုံငွေအား ပြည်နှင်ဒဏ်ပေးခြင်းဆိုင်ရာ ကိစ္စရပ်များတွင် အသုံးပြုနိုင်သည်။

ဤရံပုံငွေအကြောင်း အလုပ်ရှင်၊အလုပ်သမားများအနေဖြင့်ပိုမိုသိရှိလိုသည့်အချက်အလက်များကို ဒေသဆိုင်ရာ အလုပ်အကိုင်ခန့်ထားရေးရုံးများသို့ဆက်သွယ်မေးမြန်း၍လည်းကောင်း၊အင်တာနက်စာမျက်နှာhttp://www.doe.go.th/fund/ တွင် ဖတ်ရှုခြင်းဖြင့် လည်းကောင်း သိရှိနိုင်သည်။

## ငါးဖမ်းလုပ်ငန်းတွင် လုပ်ကိုင်နေကြသော ရွှေ့ပြောင်းလုပ်သားများ – မှတ်ပုံတင်မှုအသစ်ပြုလုပ်ခြင်း

ငါးဖမ်းလုပ်ငန်းတွင် လုပ်ကိုင်နေကြသော ရွှေ့ပြောင်းလုပ်သားများအတွက် မှတ်ပုံတင်ခြင်းလုပ်ငန်း နောက်ထပ်တစ်ကြိမ်ကို ထိုင်းနိုင်ငံကမ်းခြေ ခရိုင်ဒေသ ၂၂ ခုတွင် ၂၀၁၄ ခုနှစ် မတ်လ၌ စတင်ပြုလုပ်သွားမည် ဖြစ်သည်။

## လူကုန်ကူးခြင်းခံရသူများအတွက် အလုပ်လုပ်ကိုင်ခွင့်လက်မှတ်ခကင်းလွတ်ခွင့်ပြုခြင်း

၂၀၁၃ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့တွင် အလုပ်သမားဝန်ကြီးဌာနမှ ထုတ်ပြန်သော ဝန်ကြီးဌာနဆိုင်ရာကြေငြာချက်တွင် ၂၀၀၈ ခုနှစ် လူကုန်ကူးမှုဆန့်ကျင်ရေးဥပဒေနှင့်အကျုံးဝင်သော လူကုန်ကူးခြင်းခံခဲ့ရသူများအား အလုပ်လုပ်ကိုင်ခွင့်လက်မှတ်ခ ကင်းလွတ်ခွင့်ပြုထားသည်။ ၄င်းတို့အား ပြစ်မှုကျူးလွန်သူများကို တရားစွဲဆိုနိုင်ရန်

ကူညီခြင်း၊ ၎င်းတို့၏ ရပိုင်ခွင့်များတောင်းဆိုခြင်း၊ ဆေးကုသမှုခံယူခွင့်ရရှိစေခြင်း၊ စိတ်ပိုင်းနှင့်ရုပ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်မြှင့်တင်ခြင်းများပြုလုပ်ရာတွင် ကူညီပံ့ပိုးပေးနိုင်စေရန် ထိုင်းနိုင်ငံအတွင်း ယာယီနေထိုင်ခွင့်ပြု ပေးထားသည်။ ထိုကဲ့သို့ ယာယီနေထိုင်ခွင့်ပြုပေးထားသောကာလအတွင်း ၎င်းတို့အား ထိုင်းနိုင်ငံအတွင်း၌ အလုပ်လုပ်ကိုင်ခွင့်ကိုလည်း ခွင့်ပြုပေးထားသည်။

*အလုပ်သမားဝန်ကြီးဌာနမှ ရွှေ့ပြောင်းလုပ်သားဆိုင်ရာစာရင်းဇယားများမှာ ထိုင်းနိုင်ငံ၏*
*နိုင်ငံရေးအခြေအနေများကြောင့်ရယူနိုင်ခြင်းမရှိပါ။*

---

*ရွှေ့ပြောင်းအလုပ်သမားများအတွက် အသိပေးကြေငြာချက်ကို ရွှေ့ပြောင်းလုပ်သားစီမံခန့်ခွဲရေး၊ အိုင်အိုအမ် ထိုင်းနိုင်ငံမှထုတ်ဝေပါသည်။ အသေးစိတ်သိလိုပါက ဖုန်း : 02-3439300, fax (ဖက်စ်): 02-3439399, or e-mail: migrantnews@iom.int သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။*
*ရွှေ့ပြောင်းအလုပ်သမားများအတွက် အသိပေးကြေငြာချက်ကို အင်တာနက်တွင် အောက်ပါလိပ်စာအတိုင်း ဖတ်ရှုနိုင်ပါသည်။*
http://th.iom.int/index.php/component/remository/facilitating-migration/migration-information-notes/